ETHNIC ARMED ORGANIZATIONS SUMMIT
LAW KHEE LAR
KAREN STATE
2-9 JUNE 2015

# သတင်းထုတ်ပြန်ကြေငြာချက်

မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်း ဗဟိုဌာန
ရန်ကုန်မြို့၊ မြန်မာနိုင်ငံ

၂၀၁၅ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC) နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏အဆင့်မြင့်ညှိနှိုင်းရေး ကိုယ်စားလှယ်အဖွဲ့ (SD) တို့မှ ကျင်းပပြုလုပ်သည့်(၈)ကြိမ်မြောက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး ဆိုင်ရာ သဘောတူစာချုပ် ညှိနှိုင်းအစည်းအဝေး၏ ပထမနေ့အစည်းအဝေးကို ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ (၂၂) ရက်နေ့တွင် ရန်ကုန်မြို့ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြည်လည် ထူထောင်ရေးလုပ်ငန်း ဗဟိုဌာနတွင် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါသည်။

အစည်းအဝေးတွင် (UPWC)ဘက်မှ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ဦးဆောင်သည့် အဖွဲ့ဝင် (၁၅) ပါဝင်သည့်အဖွဲ့နှင့် (SD) ဘက်မှ အဖွဲ့ခေါင်းဆောင် ပဒိုနော်စီဖိုးရာစိန် ဦးဆောင် သည့်အဖွဲ့ဝင် (၁၄) ဦးပါဝင်သည့် ကိုယ်စားလှယ်များက တက်ရောက်ခဲ့ကြသည်။

ပထမနေ့အစည်းအဝေးတွင် (SD) ဘက်မှ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူညီချက်၏ မူကြမ်းအပေါ် ပြင်ဆင်ရန်တင်ပြသည့် အချက်(၁၂)ချက် ထဲမှ အချက် (၄) ချက်အပေါ်တွင် ပဏာမသဘောတူညီမှုများရရှိခဲ့ကြသည်။

(၈)ကြိမ်မြောက်တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင် သဘောတူစာချုပ် ညှိနှိုင်း အစည်းအဝေးတွင် ဆွေးနွေးရန် ကျန်ရှိသေးသည့် အစည်းအဝေးအစီအစဉ်များကို ဇူလိုင် လ (၂၃) ရက်နေ့၊ နံနက် (၉) တွင်ဆက်လက်ဆွေးနွေးကြမည်ဖြစ်သည်။

အထက်ပါကိစ္စရပ်များနှင့် ပါတ်သက်၍ စာနယ်ဇင်း သတင်းဌာနများနှင့်ပြည်သူများ၏ မေးခွန်းများကို ပြောရေးဆိုခွင့်ရှိသူများ မှ ပြန်လည်ဖြေကြားမည်ဖြစ်သည်။

ဆက်သွယ်ရန် -
(၁) ပူးဇင်ကျုံး - (၆၆) ၆၂၉ ၇၁၁ ၅၁၈
(၂ ) စောကွယ်ထူးဝင်း - (၆၆) ၈၁ ၈၀၇ ၆၂၇၉ (ထိုင်း)၊ ၀၉ ၄၂၂၁၉ ၁၉၄၁ (မြန်မာ)
(၃) နိုင်ဟံသာ - (၆၆) ၈၀၅ ၀၃၀၈ ၄၉ (ထိုင်း)၊ ၀၉ ၂၅ ၀၈၅၁၈၈၁ (မြန်မာ)

သတင်းနှင့်ပြန်ကြားရေးအဖွဲ့
အီးမေးလ် - sd.media.eaos@gmail.com
ဖုန်း (၆၆) ၉၈ ၈၅၀ ၉၁၅၃